# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

December 23 , 2022 Volume 61, Number 16

## ၂၃.၁၂.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၉၅ US$ |
| မြန်မာ့ရွှေဈေး | = ၂၆၇၅၀၀၀ |
| ဒေါ်လာဈေး | = ၂၈၄၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၂၈.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၅.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၃၃.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၆.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၀.၅၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၄၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၃.၉၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၄.၅၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၄၅၈ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## စီးပွားရေးနယ်ပယ်အတွင်း ဂယက်ထအောင် နည်းပညာအလွဲပြုသူအချို့က လူမှုကွန်ရက်နှင့်နည်းပညာအသုံးပြုပြီး ဆောင်ရွက်နေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြောကြား



https://news-eleven.com/article/242082

စီးပွားရေးနယ်ပယ်အတွင်း ဂယက်ထအောင် နည်းပညာအလွဲပြုသူအချို့က လူမှု ကွန်ရက်နှင့် နည်းပညာအသုံးပြုပြီး ဆောင်ရွက်နေကြောင်းနှင့် ယင်းအခြေအနေများ တွေ့ရှိနေရသည့်အတွက် သတင်းအမှန်များ ပြန်လည်ထုတ်ပြန်ပြီး ချေဖျက်ပေးစေလိုကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ကုန်သည်စက်မှုအသင်းချုပ်သို့ တိုက်တွန်းပြောကြားခဲ့သည်။

ဒီဇင်ဘာ ၂၂ ရက်က ရန်ကုန်မြို့ရှိ Pan Pacific Hotel ၌ ကျင်းပသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (၃၁) ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်း ဖြစ်သည်။

"ဒီနေ့ခေတ်ကာလဟာ နယ်ပယ်ကဏ္ဍအသီးသီးမှာ ပွင့်လင်းမြင်သာမှုရှိရေးဟာ အရေးပါတဲ့ လိုအပ်ချက်တစ်ခုဖြစ်ပါတယ်။ တဖက်မှာလည်း သတင်းအချက်အလက် နည်းပညာဟာ အရှိန်အဟုန်နဲ့ တိုးတက်မြင့်မားလာတာ ကြောင့် သတင်းဖြန့်ကျက်နိုင်မှုဟာ ထုထည်အားဖြင့်ရော အမြန်နှုန်းအားဖြင့်ရော တစ်စထက်တစ်စ ပိုမိုကြီးမားလာတာ တွေ့ရပါတယ်။ အဆိုပါအခြေအနေမှာ မိမိတို့ရဲ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် နည်းပညာကို အကျိုးရှိစွာအသုံးချနိုင်ခဲ့ရင် နိုင်ငံသားအားလုံးအတွက် အလားအလာကောင်းတွေကို ဆောင်ကျဉ်းပေါ်ပေါက်ပေးစေမှာ ဖြစ်ပါတယ်"ဟု ပြည်ထောင်စုဝန်ကြီးကဆိုသည်။

"သို့သော်လည်း ဒီနေ့ခေတ်ကာလမှာ နည်းပညာအလွဲပြုသူအချို့ဟာ စီးပွားရေး နယ်ပယ်အတွင်းမှာ ဂယက်ထအောင် လူမှုကွန်ရက်နဲ့နည်းပညာအသုံးပြုပြီး ဆောင်ရွက်နေကြတာကို စိတ်မကောင်းဖွယ် တွေ့ရှိရပါတယ်။ နိုင်ငံသားပြည်သူများအကြား စီးပွားရေးနှင့်ပတ်သက်သည့် သတင်းအမှားတွေ၊ ထိတ်လန့် တုန်လှုပ်မှုများ ဖြစ်ပေါ်လာအောင် လုပ်ကြံသတင်းထုတ်လွှင့်နေမှုများကို တွေ့ရှိနေရတဲ့အတွက် ဒီလိုလှုပ်ရှားမှုများကို အသင်းချုပ်ကြီးအနေနဲ့ သတင်းအမှန်များ ပြန်လည်ထုတ်ပြန်ပြီး

ချေဖျက်ပေးစေလိုကြောင်း အသင်းချုပ်ကြီးကို တိုက်တွန်းလိုပါတယ်”ဟု ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

ကုန်သည်စက်မှုအသင်းချုပ်သည် နှစ်ပေါင်း ၁၀၀ ကျော် ရှင်သန်လှုပ်ရှားခဲ့ရာတွင် နိုင်ငံတော်စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့်အစိုးရနှင့်ပုဂ္ဂလိက (Public & Private)၊ ပုဂ္ဂလိကလုပ်ငန်းအချင်းချင်း(B2B)၊ ပုဂ္ဂလိကကဏ္ဍအချင်းချင်း (Private to Private) အပြန်အလှန်ထိရောက်စွာ ဆက်သွယ်ပေးသည့် ပေါင်းကူး တံတားအဖြစ်လည်းကောင်း၊ ပြည်တွင်းလုပ်ငန်းရှင်များ နိုင်ငံတကာဈေးကွက်ထိုးဖောက်ရေး၊ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံလိုသူလုပ်ငန်းရှင်များဝင်ရောက်လာနိုင်ရေးအတွက် “Business Gateway” အဖြစ်လည်းကောင်း တစ်စိုက်မတ်မတ်ဆောင်ရွက်နေကြောင်း ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းကပြောကြားသည်။

**Source:** https://news-eleven.com/article/242082

## မြန်မာ့ပဲတီစိမ်း လာမယ့်နှစ်မှာ EU ထံ တန်ချိန် ၁ သောင်းကျော် တင်ပို့မယ်




မြန်မာ့ဒေသထွက် ပဲအမျိုးမျိုးကို ပြည်ပနိုင်ငံတွေကို ကျယ်ကျယ်ပြန့်ပြန့် တင်ပို့နေတာပါ။ အဲဒီထဲမှာ ပဲတီစိမ်းလည်း အပါအဝင်ဖြစ်ပြီး ပဲတီစိမ်းကိုတော့ ဥရောပနိုင်ငံတွေအထိ တင်ပို့နေတာလို့ စားသုံးသူရေးရာဦးစီးဌာနက သိရပါတယ်။

ပဲတီစိမ်းကို ဥရောပသမဂ္ဂနိုင်ငံတွေကတော့ နှစ်စဉ် ပျမ်းမျှတန်ချိန် သောင်းချီဝယ်ယူလေ့ရှိသလို အခုနှစ်မှာလည်း တန်ချိန် တစ်သောင်းဝန်းကျင်ကို တင်ပို့ထားနိုင်တာမို့ လာမယ့်နှစ်မှာတော့ တန်ချိန် တစ်သောင်းကျော်အထိ တင်ပို့သွားမယ်လို့ ဆိုပါတယ်။

“ဥရောပသမဂ္ဂနိုင်ငံတွေကတော့ ပဲတီစိမ်းကို သတ်မှတ်ထားတဲ့ Guide Line နဲ့အညီ စိုက်ပျိုးတာ၊ အရည်အသွေး ကောင်းမွန်မှုရှိမရှိ စစ်ဆေးတာ၊ ဝယ်ယူသိုလှောင်တာ ၊ ထုတ်ပိုးတာ၊ တင်ပို့တာစတဲ့ လုပ်ငန်းစဉ်အဆင့်ဆင့်နဲ့ပတ်သက်ပြီး သတ်မှတ်ထားတဲ့ စံချိန်စံညွှန်းတွေရှိပါတယ်။ အဲဒါတွေအတိုင်း လိုက်နာဆောင်ရွက်ပြီး တင်ပို့ရတာဖြစ်ပါတယ် ” လို့ စားသုံးသူရေးရာဦးစီးဌာန တာဝန်ရှိသူက ပြောဆိုထားပါတယ်။

မြန်မာ့ပဲတီစိမ်းကို ပဲပင်ပေါက်အဖြစ်ပြုလုပ်ကာစားသုံးဖို့ ဝယ်ယူနေတာဖြစ်ပြီး အထက်ပါ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာမှုရှိမရှိကို ဥရောပသမဂ္ဂနိုင်ငံတွေက အသိအမှတ်ပြုထားတဲ့ အဖွဲ့အစည်းထံ တင်ပြရတာဖြစ်သလို အဆိုပါအဖွဲ့အစည်းက လာရောက်စစ်ဆေးမှုတွေပြုလုပ်ပြီးမှသာ တင်ပို့ခွင့်ရတာပါ။

အထူးသဖြင့် ဥရောပသမဂ္ဂနိုင်ငံတွေကို တင်ပို့ရာမှာ နယ်သာလန်၊ အိုင်ယာလန်၊ အင်္ဂလန်၊ ဂျာမနီစတဲ့နိုင်ငံတွေက အဓိကဝယ်ယူနေသလို အဲဒီနိုင်ငံတွေကတဆင့် အခြားသောဥရောပနိုင်ငံတွေကို ကုန်သည်အချင်းချင်းချိတ်ဆက်ကာ ပြန်လည်ဖြန့်ဖြူးရောင်းချနေတာလို့ သိရပါတယ်။

မြန်မာနိုင်ငံအနေနဲ့လည်း ကိုဗစ်ရန်ပုံငွေ ကျပ် ဘီလီယံ ၄၀၀ ထဲမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနထံ ကျပ် ၁၇၀ ဘီလီယံ၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနထံ ကျပ် ၆၀ ဘီလီယံချထားပေးပြီး၊ ယင်းဝန်ကြီးဌာန ၂ ခု ပူးပေါင်းကာ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီး ၂ ခုမှာ ဆောင်းပဲတီစိမ်း ဧက ၅ သိန်း ဖော်ဆောင်ပြီး အကျိုးတူလုပ်ငန်းစနစ်နဲ့ လုပ်ဆောင်နေပါတယ်။

**ဤဆောင်းပါးကို Myanmar Future News မှ ကူးယူဖော်ပြပါသည်။**

**Source:** https://t.me/htwettoe

## ပြည်တွင်းလက်ကျန်နည်းလာသဖြင့် ကုလားပဲဈေး မြင့်တက်




ပဲပေါ်ချိန် နှောင်းပိုင်းရောက်ပြီး ပြည်တွင်းမှာ လက်ကျန်နည်းလာတာကြောင့် ကုလားပဲဈေးတွေ မြင့်တက်လာတယ်လို့ ဈေးကွက်ထဲက သိရပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာလဆန်းနဲ့နှိုင်းယှဉ်ရင် လက်ရှိမှာ ကုလားပဲဈေးနှုန်းတွေဟာ ၃ တင်းတစ်အိတ်ကို ကျပ် ၂၀၀၀ ကနေ ၆၀၀၀ အထိ မြင့်တက်လာတာပါ။ ပဲအသစ်တွေ ဇန်နဝါရီကုန်မှပေါ်မှာဖြစ်ပြီး ပြည်တွင်းစားသုံးမှုလည်းများတာကြောင့် ကုလားပဲဈေးတွေ မြင့်တက်လာတာဖြစ်တယ်လို့ မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနဲ့နှမ်းကုန်သည်များအသင်း တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

လက်ရှိမှာ ကုလားပဲ V2 နဲ့ V7 က ၃ တင်းတစ်အိတ်ကို ၁၉၄,၀၀၀ ကျပ်ဝန်းကျင်၊ 929 ကုလားပဲက ကျပ် ၁၈၀,၀၀၀ ဝန်းကျင် ပေါက်ဈေးရှိပါတယ်။ ဒီဇင်ဘာလဆန်းနဲ့ နှိုင်းယှဉ်ရင် ကုလားပဲ V2 နဲ့ V7 က ၃ တင်းတစ်အိတ်ကို ကျပ် ၆၀၀၀ နဲ့ 929 ကုလားပဲက ကျပ် ၂၀၀၀ ကနေ ၄၀၀၀ မြင့်တက်လာတာပါ။ အခုတစ်ပတ်အတွင်း ငွေလဲနှုန်း အနည်းငယ်မြင့်တက်လာတာကြောင့် ပဲဈေးတွေမြင့်တက်လာပါတယ်။ ကုလားပဲကို ပြည်ပတင်ပို့မှု အနည်းငယ်သာရှိပြီး အခုဘဏ္ဍာနှစ်အတွင်း တန် ၁၈,၀၀၀ ကျော်သာ တင်ပို့ထားပါတယ်။

**ဤဆောင်းပါးကို BloombergMyanmar မှကူးယူဖော်ပြပါသည်။**

**Source: https://t.me/htwettoe**

## တရုတ်ဘက်သို့ ဖရဲ၊ သခွားတင်ပို့သူများပြီး ဝယ်လက်နည်းသောကြောင့် ဈေးမရ


မကွေးဂျာနယ်

မူဆယ်မှတရုတ်ဘက်သို့ ဖရဲ၊ သခွားတင်ပို့သူများပြားပြီး နယ်စပ်တွင် တရုတ်ဝယ်လက်နည်းပါးခြင်းနှင့် သစ်သီးများမှာ အရည်အသွေးလိုအပ်ချက်ကြောင့် ဈေးမရဘဲ အရောင်းအဝယ်အေးနေကြောင်း ဖရဲ၊ သခွားဈေးကွက်မှ သိရသည်။

တရုတ်ဈေးကွက်သို့ တင်ပို့သည့် ဖရဲ၊ သခွားကုန်တင်ယာဉ်များမှာ ရှန်တိန်စနစ်ရှိနေသေးသဖြင့် ကုန်ကျစရိတ်လည်း မြင့်နေဆဲဖြစ်၍ အရှုံးများသည်ဟုဆိုသည်။ “ဝမ်တိန်သစ်သီးအရောင်းကွင်းမှာ ရောင်းပြီးတာနဲ့ စားသုံးသူလက်ထဲရောက်သွားတာမဟုတ်ဘူး။ ပြည်မထဲကို အဆင့်ဆင့်ဖြတ်ရတဲ့ရက်တွေရှိတော့ လတ်ဆတ်မှုနည်းသွားပြီ။ ဝမ်တိန်ဈေးကွက်က သစ်သီးတွေအတွက် ခြေစစ်ပွဲလို့ပြောရမယ်”ဟု မူဆယ်(၁၀၅)မိုင်မှ သစ်သီးပွဲရုံတစ်ခုမှ မန်နေဂျာကပြောသည်။

မြန်မာ-တရုတ်နယ်စပ်၊ဝမ်တိန် သစ်သီးအရောင်းကွင်းသို့ လာရောက်ဝယ်သူများသည် ပြည်မအတွင်းသို့ တိုက်ရိုက်မရောက်ရှိသေးဘဲ လမ်းပိုင်းကြာမြင့်ပြီးမှ စားသုံးသူထံရောင်းချမည့် လက်လီအရောင်းများထံ ရောက်ရှိခြင်းဖြစ်ရာ ပြည်တွင်းမှတင်ပို့သူများသည် အမှည့်လွန်သစ်သီးများ၊သစ်သီးအနုများ၊ အရောင်အဆင်းနှင့် အရွယ်အစားအားနည်းသော သစ်သီးများတင်ပို့ကြသဖြင့် ဈေးမရတော့ကြောင်းသိရသည်။ “တရုတ်ကုန်သည်တွေကလည်း ကိုဗစ်ကြောင့် ငွေကြေးမရင်းနှီးနိုင်တော့ဘဲ အမြတ် ၃၀ ရာခိုင်နှုန်းရဖို့ သေချာမှဝယ်ကြပြီး အရင်လို မစွန့်စားရဲတော့ဘူး။ ကိုဗစ်ကြောင့် လူတွေကလည်း အပြင်မထွက်ကြတော့ဘဲ ကျန်းမာရေးကို ဦးစားပေးနေရတယ်။ မြန်မာဘက်က တင်ပို့တာတွေများနေတာနဲ့ အရည်အသွေးမကောင်းတော့ ဈေးမရတော့ဘဲ အရှုံးနဲ့ရင်ဆိုင်ရမှာပါ” ဟု ဆက်လက်ပြောကြားသည်။

ဒီဇင်ဘာ ၂၀ ရက်က နယ်စပ်သစ်သီးဝလံဈေးကွက်တွင် တစ်ကီလိုဂရမ်ပေါက်ဈေးများအရ ဖရဲသီးအစေ့မဲ့မှာ ၁ ဒသမ ၅ ယွမ်မှ ၂ ယွမ်၊ ၈၅၅ ဖရဲသီးမှာ ၁ ယွမ်ကျော်နှင့် ထိုင်ဝမ်ဖရဲသီးမှာ ၂ ဒသမ ၅ ယွမ်အမြင့်ဆုံးရှိကြောင်း၊ သခွားမွှေးမှာ အမြင့်ဆုံး ၃ ယွမ်ကျော်ဖြစ်ကြောင်းသိရသည်။ နယ်စပ်ဂိတ်ဖြတ်သန်းမှုတွင် ကုန်ယာဉ်များ ရှန်တိန်စနစ်မှာ ဒီဇင်ဘာလကုန်နှင့် တရုတ်နှစ်သစ်ကူးကာလပြီးမှ ဖြေလျှော့ဖွင့်လှစ်မည်ဟုခန့်မှန်းကြောင်း၊ ရှန်တိန်စနစ်မရှိပါက တင်ပို့မှု ကုန်ကျစရိတ်သက်သာပြီး ကုန်စည်စီးဆင်းမှုမြန်ဆန်ကာ သစ်သီးများလည်း တရုတ်စားသုံးသူလက်ထဲသို့ ယခင်လို လတ်ဆတ်စွာရောက်ရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

Source: **မကွေးဂျာနယ်**

## စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ စစ်တုံဥ (ဆင်နားရွက်ပိန်းဥ) တင်ပို့မှု ဆက်တိုက်မြင့်မားလျက်ရှိ

စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများ၊ သစ်တောထွက်ကုန်ပစ္စည်းများနှင့် စက်မှုကုန်ချောပစ္စည်းများကို ပင်လယ်ရေကြောင်းနှင့်နယ်စပ်မှတစ်ဆင့် စဉ်ဆက်မပြတ် တင်ပို့နိုင်ခဲ့သည်။

ယခု ဒီဇင်ဘာလဒုတိယအပတ်ဖြစ်သည့် (၃-၁၂-၂၀၂၂)မှ(၉-၁၂-၂၀၂၂)အတွင်းတွင်လည်း စစ်တုံဥတန်ချိန် (၂၅၃)တန်အထိ တင်ပို့နိုင်ခဲ့ပြီး၊ ဝင်ငွေအားဖြင့် ကန်ဒေါ်လာ(၂၆၅၆၅) ဝန်းကျင် (တစ်တန်လျှင် မြန်မာကျပ်ငွေ ၂၂၀၀၀၀)ခန့် ရရှိခဲ့သည်ဟု သိရှိရသည်။

Source: https://www.commerce.gov.mm/my/article/border-trade-news-update-news-border-area-

## မုံရွာမြို့တွင် ဒီဇင်ဘာလ တတိယပတ်အတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိသော ပဲမျိုးစုံဈေးနှုန်း၊ ဈေးကွက်အခြေအနေ

မုံရွာမြို့ကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်လျက်ရှိသော လယ်ယာထွက်ကုန်သီးနှံများထဲမှ ပြောင်းနီ၊ ပဲတီစိမ်းကြီး၊ ကုလားပဲဈေးနှုန်းများဆက်လက်မြင့်တက်နေပြီး ပဲစင်းငုံ၊ မတ်ပဲ၊ ပဲတီစိမ်းသေးဈေးနှုန်းများ ကျဆင်းသွားသည်။ ယခုတစ်ပတ်တွင် ပဲစင်းငုံ၊ မတ်ပဲနှင့်ပဲတီစိမ်း (ကြီး)၊ ပဲတီစိမ်း(သေး) သီးနှံတစ်တင်း ပေါက်ဈေးနှုန်းများမှာ ပဲစင်းငုံ (၅၄၂၀၀)ကျပ်၊ မတ်ပဲ (၅၆၀၀၀)ကျပ် နှင့်ပဲတီစိမ်း(ကြီး) (၄၂၀၀၀-၄၆၅၀၀)ကျပ်၊ ပဲတီစိမ်း(သေး) (၃၇၀၀၀)ကျပ် ပေါက်ဈေးရှိပါသည်။ ယခင်တစ်ပတ် ကာလတူပေါက်ဈေးနှုန်းမှာ ပဲစင်းငုံ တစ်တင်းလျှင် (၅၈၅၀၀)ကျပ်၊ မတ်ပဲတစ်တင်းလျှင် (၅၉၀၀၀)ကျပ်နှင့် ပဲတီစိမ်း(ကြီး)တစ်တင်းလျှင် (၄၂၀၀၀-၄၆၀၀၀) ကျပ်၊ ပဲတီစိမ်း (သေး) (၃၇၅၀၀)ကျပ် ပေါက်ဈေးရှိ၍ ယခင်တစ်ပတ်ကာလတူအချိန်နှင့်နှိုင်းယှဉ်ပါက ပဲစင်းငုံတစ်တင်းလျှင် (၄၃၀၀)ကျပ်၊ မတ်ပဲတစ်တင်းလျှင် (၃၀၀၀) ကျပ်နှင့် ပဲတီစိမ်း (သေး) တစ်တင်းလျှင် (၅၀၀)ကျပ်နှုန်းကျဆင်းသွားပြီး ပဲတီစိမ်း(ကြီး)မှာ အနည်းငယ်မြင့်တက်လာပါသည်။

ကုလားပဲ (မျိုးစုံ)တွင် ကုလားပဲဖြူလုံးကြီး တစ်တင်းလျှင် (၆၅၀၀၀)ကျပ်၊ ကုလားပဲဖြူလုံးသေး (၆၅၀၀၀) ကျပ်၊ 929 (၆၀၀၀၀)ကျပ် ပေါက်ဈေးရှိပြီး ယခင်ပတ်ကာလတူ ပေါက်ဈေးနှုန်းများမှာ ကုလားပဲဖြူလုံးကြီးတစ်တင်းလျှင် (၆၄၀၀၀) ကျပ်၊ ကုလားပဲဖြူလုံးသေး (၆၄၀၀၀) ကျပ်၊ 929 (၅၉၅၀၀) ကျပ် ပေါက်ဈေးရှိ၍ ယခင်ပတ်နှင့်နှိုင်းယှဉ်ပါက ကုလားပဲဈေးနှုန်းများ အနည်းငယ်မြင့်တက်လာကြောင်းသိရသည်။ ယခုတစ်ပတ်တွင် ပြောင်းနီတစ်တင်းလျှင် (၂၁၀၀၀)ကျပ်၊ ပြောင်းဖူးစေ့ cp တစ်တင်းလျှင် (၁၉၅၀၀) ကျပ်ပေါက်ဈေးရှိသည်။ ယခင်အပတ် ကာလတူပေါက်ဈေးနှုန်းမှာ ပြောင်းနီတစ်တင်းလျှင် (၂၀၀၀၀) ကျပ်၊ ပြောင်းဖူးစေ့ cp တစ်တင်းလျှင် (၁၉၅၀၀)ကျပ်ရှိ၍ ယခင်အပတ်နှင့်နှိုင်းယှဉ်ပါက ဝယ်လိုအားမြင့်တက်လာပါသဖြင့် ပြောင်းနီဈေးအနည်းငယ်မြင့်တက်လာကြောင်းသိရပါသည်။

Source: ဧယျာကုန်သွယ်မှုဗဟိုဌာန

## ဒီဇင်ဘာလတတိယပတ် မန္တလေးကုန်စည်ဒိုင်တွင် မြေပဲဆန် အဝင်နည်း၊ အရောင်းသွက်

မန္တလေးကုန်စည်ဒိုင်သို့ မြေပဲဆန်များဝင်ရောက်မှုနည်းလာပြီး၊ မြေပဲလုံးဆန်ဖြူနှင့် မြေပဲလုံးဆန်နီများကို တရုတ်ဝယ်လက်မှဝယ်ယူနေကြောင်း၊ ကွန်းတွင် စိုက်ပျိုးမည့်တောင်သူများမှ မျိုးမြေပဲများဝယ်ယူနေပြီး၊ ဆီဆန်များကို ဆီစက်များမှ ဝယ်ယူလျက်ရှိကြောင်းသိရသည်။

**မြေပဲလုံးဆန်(ဖြူ)**တစ်ပိဿာဈေးမှာ ယခုတစ်ပတ်တွင် ကျပ် ၅၂၀၀ မှ ၅၇၀၀၊ ယခင်တစ်ပတ် ကျပ် ၅၁၀၀ မှ ၅၂၀၀၊ ယခင်လ ကျပ် ၅၃၀၀ မှ ၅၄၅၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၀၀ မှ ၅၀၀၊ ယခင်လထက် ကျပ် ၂၅၀ မြင့်တက်လာသည်။

**မြေပဲလုံးဆန်(အနီ)**တစ်ပိဿာဈေးမှာ ယခုတစ်ပတ်တွင် ကျပ် ၆၅၀၀ မှ ၆၇၀၀ ၊ ယခင်တစ်ပတ် ကျပ် ၅၈၀၀ မှ ၆၀၀၀ ၊ ယခင်လ ကျပ် ၆၀၀၀ မှ ၆၁၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၇၀၀ ၊ ယခင်လထက်ကျပ် ၅၀၀ မှ ၆၀၀ မြင့်တက်လာသည်။

**မြေပဲ(ဆီဆန်)** တစ်ပိဿာဈေးမှာ ယခုတစ်ပတ်တွင် ကျပ် ၄၆၀၀ မှ ၄၇၀၀ ယခင်တစ်ပတ် ကျပ် ၄၆၀၀ မှ ၄၇၀၀၊ ယခင်လကျပ် ၄၆၀၀ မှ ၄၉၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် အတိုင်းဈေးငြိမ်နေပြီး၊ ယခင်လထက်ကျပ် ၂၀၀ နိမ့်ကျလာသည်။

Source: ရတနာပုံကုန်သွယ်မှုဇုဟိုဌာန

## မန္တလေးဆန်ဈေးကွက် ဆန်အသစ်များဝင်ရောက်

မန္တလေးဈေးကွက်တွင် ဆန်ဈေးနှုန်းအနေဖြင့် ရန်ကုန်ပေါ်ဆန်းမှာ အဝင်ပုံမှန် စားသုံးမှုပုံမှန်ရှိခြင်းကြောင့် ၁အိတ်လျှင် ၆၂၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ရွှေဘိုပေါ်ဆန်းအသစ်များဝင် ရောက်လာခြင်းကြောင့် ၁အိတ်လျှင် ၆၅၀၀၀ကျပ်ဖြင့်ရောင်းဝယ်နေသည်။

မနောသုခဆန်မှာလည်း အသစ်များဝင်ရောက်လာပြီး အသစ်၁အိတ် ၄၀၀၀၀ကျပ်၊ အဟောင်း၁အိတ် ၅၀၀၀၀ကျပ်ဖြင့် မြို့တွင်းသုံးနှင့် မန္တလေးအနီးတဝိုက်မြို့များမှ ဝယ်ယူမှုရှိသည်။

ဧယာဆန်နှင့် ငစိန်ဆန်မှာအသစ်မဝင် သေးခြင်း၊ မြို့တွင်းသုံးနှင့် မုန့်လုပ်ငန်းသမားများ ဝယ်ယူမှုပုံမှန်ရှိခြင်းကြောင့် ငစိန်ဆန်၁အိတ် ၄၂၀၀၀ကျပ် ဧယာဆန်၁အိတ် ၄၇၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ဧရာမင်းဆန်မှာ အသစ်စတင်ဝင်ရောက်မှုရှိသဖြင့် အသစ်၁အိတ် ၅၁၀၀၀ကျပ် အဟောင်း ၁အိတ် ၆၅၀၀၀ကျပ်ဖြင့် မိုးမိတ်၊ရွှေကူနှင့်မန္တလေးဝန်းကျင်ဒေသများသို့ တင်ပို့မှုရှိသည်။

**Source:** [Market Information Service- DOP- MOALI](https://www.foodindustrydirectory.com.mm/food-industry/cuisine/myanmar/item/5496-mann-market.html)

https://www.foodindustrydirectory.com.mm/food-industry/cuisine/myanmar/item/5496-mann-market.html

## ဂျာမနီနိုင်ငံ၏ ကုန်သွယ်စီးပွားရေးနှင့် မြန်မာနိုင်ငံနှင့်ကုန်သွယ်မှုအခြေအနေ

ဂျာမနီနိုင်ငံတွင် Federal Statistical Office (Destatis) ၏ စာရင်းထုတ်ပြန်ချက်အရ **အောက်တိုဘာလ၌ စက်မှုကဏ္ဍရှိထုတ်လုပ်မှုများသည် ယခင်လကထက် (၀.၁) ရာခိုင်နှုန်း၊ လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုများသည် (၁.၉) ရာခိုင်နှုန်းနှင့် စွမ်းအင်ထုတ်လုပ်မှုများသည် (၇.၆)ရာခိုင်နှုန်း လျော့နည်းကျဆင်းလာခဲ့ကြောင်း၊ စွမ်းအင်ဈေးနှုန်းများ မြင့်တက်နေသော်လည်း ကျောက်မီးသွေးစက်ရုံများနှင့် သဘာဝဓါတ်ငွေ့များမှ လျှပ်စစ်ဓါတ်အားထုတ်လုပ်မှုများသည် တိုးတက်လာနေကြောင်း သိရှိရပါသည်။ အခြားတစ်ဖက်တွင်လည်း ထုတ်လုပ်မှုကဏ္ဍတွင် အမှာစာများ လက်ခံရရှိမှုသည် အောက်တိုဘာလတွင် စက်တင်ဘာလထက် (၀.၈) ရာခိုင်နှုန်းတိုးတက်လာခဲ့ပြီး၊ ၂၀၂၁ ခုနှစ် ကာလတူထက် (၃.၂)ရာခိုင်နှုန်းကျဆင်းလာခဲ့ကြောင်း၊ ဝန်ဆောင်မှုကဏ္ဍတွင် ဝင်ငွေရရှိမှုများသည် စက်တင်ဘာလတွင် ယခင်လကထက် (၀.၇) ရာခိုင်နှုန်းနှင့် ၂၀၂၁ခုနှစ် ကာလတူထက် (၁၂)ရာခိုင်နှုန်းအသီးသီးတိုးတက် လာခဲ့ကြောင်း တွေ့ရှိရပါသည်။** စိုက်ပျိုးရေးကဏ္ဍထုတ်လုပ်သူဈေးနှုန်းများမှာ အောက်တိုဘာလတွင် ယခင်လ ကထက် (၁.၁) ရာခိုင်နှုန်း၊ ၂၀၂၁ခုနှစ်ကာလတူထက် (၃၇.၉)ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း၊ စိုက်ပျိုးရေးအပင်ဈေးနှုန်းများနှင့် တိရစ္ဆာထုတ်ကုန်ပစ္စည်းဈေးနှုန်းများမှာလည်း ၂၀၂၁ ခုနှစ် ကာလတူထက် (၂၆)ရာခိုင်နှုန်းနှင့် (၄၆.၈)ရာခိုင်နှုန်း အသီးသီးတိုးတက်လာခဲ့ကြောင်း၊ သိရှိရ ပါသည်။ ဂျာမနီနိုင်ငံတွင် ခရီးသွားကဏ္ဍ၌ ၂၀၂၂ခုနှစ် အောက်တိုဘာလတွင် Federal Statistical Office (Destatis) ၏ စာရင်းထုတ်ပြန်ချက်အရ ခရီးသွားညအိပ်တည်းခိုသူအရေ အတွက်သည် (၄၄.၃)သန်းရှိခဲ့ပြီး ယခင်နှစ်ကာလတူထက် (၂.၇)ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း သိရှိရပါသည်။

ပို့ကုန်ပိုင်းတွင် Federal Statistical Office (Destatis) ၏ ထုတ်ပြန်ချက်အရ ၂၀၂၂ခုနှစ် အောက်တိုဘာလ၌ ယူရို(၁၃၅.၃)ဘီလီယံတင်ပို့ခဲ့ပြီး ၂၀၂၁ခုနှစ်ကာလတူထက် (၁၁.၄)ရာခိုင်နှုန်း တိုးတက်လာခဲ့ကာ အမေရိကန်နိုင်ငံသို့ ယူရို(၁၃.၈)ဘီလီယံတန်ဘိုးရှိ မော်တော်ကား၊နောက်တွဲ ယာဉ်များနှင့် စက်ပစ္စည်းများတင်ပို့ခဲ့ပြီး ပြင်သစ်နိုင်ငံသို့ ယူရို(၁၀.၁) ဘီလီယံ၊ နယ်သာလန်နိုင်ငံသို့ ယူရို(၉.၆)ဘီလီယံနှင့် ရုရှားနိုင်ငံသို့ ယူရို(၁)ဘီလီယံဘိုး တင်ပို့မှုရှိခဲ့ပါသည်။ သွင်းကုန်တန်ဘိုးမှာ ယူရို(၁၃၀.၁)ဘီလီယံရှိခဲ့ပြီး တရုတ်နိုင်ငံမှ ယူရို(၁၇.၃) ဘီလီယံဖြင့် အများဆုံး တင်သွင်းခဲ့ပြီး

ရုရှားနိုင်ငံမှ ယူရို(၁.၈)ဘီလီယံတန်ဘိုး တင်သွင်းခဲ့ကြောင်း သိရှိရပါသည်။ ဂျာမနီနိုင်ငံအနေဖြင့် အောက်တိုဘာလတွင် ပို့ကုန်ပိုငွေ ယူရို(၅.၂)ဘီလီယံ ရရှိခဲ့ပြီး အမေရိကန်နိုင်ငံနှင့် ကုန်သွယ်မှုပိုငွေ မှာ စက်တင်ဘာလတွင် ယူရို(၄.၈)ဘီလီယံမှ အောက်တိုဘာလတွင် ယူရို(၅.၇)ဘီလီယံသို့ ရောက်ရှိခဲ့ကြောင်း သိရှိရပါသည်။ ဂျာမနီနိုင်ငံမှ အီးယူပြင်ပနိုင်ငံများသို့ ၂၀၂၂ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း ပို့ကုန်များတင်ပို့ရာတွင် (၅၅.ဖ)ရာခိုင်နှုန်းမှာ ယူရိုငွေကြေးကို အသုံးပြု၍ ကုန်သွယ်မှုပြုခဲ့ကြောင်း၊ အခြား ငွေကြေးများဖြင့်ပို့ကုန်ဆောင်ရွက်မှုများမှာ အမေရိကန်ဒေါ်လာဖြင့် (၂၅.ဖ)ရာခိုင်နှုန်း၊ တရုတ်ယွမ်ဖြင့် (၅)ရာခိုင်နှုန်းနှင့် ဗြိတိသျှပေါင်စတာလင်ဖြင့် (၄) ရာခိုင်နှုန်းတို့ဖြစ်ကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံနှင့်ကုန်သွယ်မှု

မြန်မာနိုင်ငံနှင့်ကုန်သွယ်မှုတွင် Federal Statistical Office (Destatis) ၏ ထုတ်ပြန်ချက်အရ ၂၀၂၂ခုနှစ် အောက်တိုဘာလ၌ ဂျာမနီနိုင်ငံက မြန်မာနိုင်ငံသို့ ပို့ကုန် ယူရို(၄.၄၅၄)သန်းတင်ပို့ခဲ့ပြီး ဂျာမနီနိုင်ငံက မြန်မာနိုင်ငံမှ သွင်းကုန် ယူရို(၁၈၈.၁၂၇)သန်းတင်သွင်းမှုရှိခဲ့ပါသည်။ စက်တင်ဘာလတွင် ဂျာမနီနိုင်ငံက မြန်မာနိုင်ငံမှ သွင်းကုန် ယူရို (၂၁၄.၄၅၈)သန်းရှိခဲ့ရာမှ အောက်တိုဘာလတွင် ယူရို(၂၆.၃၃၁)သန်းလျော့နည်းတင်သွင်းခဲ့ခြင်း ဖြစ်ပါသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၂ခုနှစ် အောက်တိုဘာလတွင် ဂျာမနီနိုင်ငံသို့ CMP အထည်ချုပ်ဖိနပ် နှင့် အခြားစက်ပစ္စည်း ကိရိယာများအပါအဝင် ပို့ကုန်ယူရို(၁၈၈.၁၂၇)သန်းဘိုး တင်ပို့မှုရှိခဲ့ပြီး ပို့ကုန်ပိုငွေ ယူရို(၁၈၃.၆၇၃) သန်း ရရှိခဲ့ပါသည်။

Source: https://www.destatis.de/EN/Press/2022/

မြန်မာစီးပွားရေးသံရုံး(ဘာလင်)

https://myantrade.gov.mm/article/%E1%80%82%E1%80%BB%E1%80%AC%E1%80%99%E1%80%94%E1

## နိုင်ငံတကာပျံသန်းသည့် ကုန်တင်လေယာဉ်တွင် တရုတ်နိုင်ငံမှထုတ်လုပ်သည့် ဇီဝလောင်စာရည်ကို ပထမဆုံး အသုံးပြုပျံသန်း

တရုတ်နိုင်ငံ Sinopec ကုမ္ပဏီမှ ထုတ်လုပ်သော လေကြောင်းပျံသန်းရေးဆိုင်ရာ ဇီဝလောင်စာရည်အား နိုင်ငံတကာ ကုန်စည်ပျံသန်းမှုတွင် ပထမဆုံးအကြိမ်အဖြစ် တနင်္လာနေ့က အောင်မြင်စွာ အသုံးပြုပျံသန်းခဲ့ကြောင်း ယင်းကုမ္ပဏီက ပြောကြားခဲ့သည်။

အဆိုပါလေယာဉ်သည် တရုတ်နိုင်ငံအရှေ့ပိုင်း ကျဲ့ကျန်းပြည်နယ်ရှိ ဟန်ကျိုးမြို့မှထွက်ခွာပြီး ၁၂ နာရီအကြာတွင် ဥရောပတိုက် ဘယ်လ်ဂျီယံနိုင်ငံသို့ ဆင်းသက်ခဲ့ကြောင်းသိရသည်။ ပြန်လည်ပြည့်ဖြိုးမြဲ လေကြောင်းပျံသန်းရေး လောင်စာရည် သို့မဟုတ် (Sustainable Aviation Fuel-SAF)ကို အသုံးပြုပြီးချက်ပြုတ်ဆီ၊ တိရစ္ဆာန်ဆီ သို့မဟုတ် မွေးမြူရေးနှင့်သစ်တောစွန့်ပစ်ပစ္စည်းများကဲ့သို့သော အရာများမှထုတ်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

British Petroleum ၏ လေကြောင်းကဏ္ဍဆိုင်ရာ လောင်စာထုတ်လုပ်ရေးကုမ္ပဏီဖြစ်သော Air BP ကမူ ပြန်လည်ပြည့်ဖြိုးမြဲလေကြောင်းပျံသန်းရေးလောင်စာရည် သို့မဟုတ် (Sustainable Aviation Fuel-SAF)သည် သာမန်လောင်စာကို အသုံးပြုခြင်းနှင့်နှိုင်းယှဉ်လျှင် ကာဗွန်ထုတ်လွှတ်မှုပမာဏကို ၈၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်မည်ဟု ခန့်မှန်းထားပြီး အသုံးပြုပြီး ချက်ပြုတ်ဆီ၊ တိရစ္ဆာန်ဆီ သို့မဟုတ် မွေးမြူရေးနှင့် သစ်တောစွန့်ပစ်ပစ္စည်းများကဲ့သို့သော အရာများမှ ထုတ်လုပ်မှုနည်းလမ်းနှင့် ထောက်ပံ့ရေးကွင်းဆက်ပေါ်မူတည်၍ သမားရိုးကျလေယာဉ်ဆီများကို အစားထိုးသုံးစွဲသွားမည် ဖြစ်သည်။

Sinopec ကုမ္ပဏီသည် SAF ကို ၂၀၀၉ ခုနှစ်ကတည်းက စတင်ထုတ်လုပ်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် အသုံးပြုခွင့် လက်မှတ်ရရှိခဲ့သည်။ ယခုနှစ် ဇွန်လမှစတင်ကာ တရုတ်နိုင်ငံအရှေ့ပိုင်းရှိ စက်မှုလုပ်ငန်းခွင်တွင် အဆိုပါလေကြောင်း လောင်စာများကို စတင်ထုတ်လုပ်ခဲ့သည်။ ယင်းလောင်စာဆီများကို China Eastern လေကြောင်းလိုင်း၊ China Southern Airlines နှင့် Air China တို့က ပြည်တွင်းလေကြောင်းပျံသန်းမှုတွင် အသုံးပြုလျှက်ရှိနေပြီဖြစ်သည်။

**Source:** https://www.popularmyanmar.com/?p=95813

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 23rd Dec. 2022

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 20,243 (Shares) | 129,275,150 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | -300 | -3.33% | 8,900 | 8,900 | 8,700 | 739 | 6,493,100 | 33,109,694 | 288,054 |
| MTSH | 00002 | 3,200 | -100 | -3.03% | 3,250 | 3,250 | 3,200 | 6,900 | 22,121,250 | 38,929,150 | 124,573 |
| MCB | 00003 | 7,600 | +0 | +0.00% | 7,600 | 7,600 | 7,600 | 0 | 0 | 10,400,986 | 79,048 |
| FPB | 00004 | 19,000 | +0 | +0.00% | 19,000 | 19,000 | 19,000 | 100 | 1,900,000 | 2,472,053 | 46,969 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 0 | 0 | 12,823,224 | 33,340 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 4 | 10,800 | 19,977,223 | 53,939 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 0 | 0 | 10,497,598 | 52,488 |

## Market summary

As of 23rd Dec. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 389.98 | -7.94 | -2.00% | 396.81 | 396.81 | 389.98 | 7,743 | 30,525,150 | 7 | 678,411 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 23rd Dec. 2022

| Trading Volume | Trading Value |
|---|---|
| 20,243 (Shares) | 129,275,150 (MMK) |

### Main Board

As of 1:00 pm, 23rd Dec. 2022

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 20,243 (Shares) | 129,275,150 (MMK) |

| MYANPIX | 389.98 ▼ 7.94 |
|---|---|
| Total Volume (shares) | 7,743 |
| Total Value (MMK) | 31 mil |
| Listed Company | 7 |
| Market Cap. (MMK) | 678,411 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▼ 300 |
| MTSH | 00002 | 3,200 | ▼ 100 |
| MCB | 00003 | 7,600 | ▲ 0 |
| FPB | 00004 | 19,000 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,700 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 0 |